# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ၁၇-၁-၂၀၁၅ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ ရန်ကုန်မြို့၌ ကျင်းပသည့် နိုဘယ်-မြန်မာ စာပေပွဲတော်သို့ ပေးပို့သည့် သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

နေပြည်တော်

စာအမှတ်၊ ၀၃ / ပသ(စာပေပွဲတော်)၄/၂၀၁၅-၀၀၁

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

သို့

ဦးဖေမြင့်(ဥက္ကဋ္ဌ)နှင့်

နိုဘယ်-မြန်မာ စာပေပွဲတော်ကျင်းပရေးကော်မတီ

အကြောင်းအရာ။ **စာပေပွဲတော်သို့ကြွရောက်၍ အဖွင့်အမှာစကား ချီးမြှင့်ပေးပါရန် ဖိတ်ကြားခြင်းကိစ္စ**

၁။ အလေးထားဖိတ်ကြားမှုအတွက် ဝမ်းသာဂုဏ်ယူရပါသည်။ မကြုံဘူး မရှိဘူး သေးသော ဤပွဲတော်မျိုးကို တက်ရောက်လိုပါသည်။ အမှာစကားပြောကြားဖို့ထက် လေ့လာလိုသည်၊ ကြည့်ရှုလိုသည်၊ နားထောင်လိုသည်၊ အမြင်ချင်းဖလှယ်လိုပါသည်။

၂။ ယခုတော့ ကိုယ်တိုင်မတက်ရောက်နိုင်၍ သဝဏ်လွှာပါး စာရေးလိုက်ရပါသည်-

(က) မြန်မာစာပေပွဲတော် ကျင်းပရေးကော်မတီ၏ အမြင်ကျယ်ကျယ်၊ အဓိပ္ပာယ် ရှိရှိ၊ စေတနာပါပါ ဤသို့ဆောင်ရွက်မှုကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

( ခ )	ငြိမ်းချမ်းရေးကို လူသားများမြတ်နိုးကြသည်။ မြန်မာပြည်သူများသည်လည်း ငြိမ်းချမ်းရေးကို မြတ်နိုး တန်ဖိုးထားကြသည်။ သို့ရာတွင် ငြိမ်းချမ်းရေးကို ဆန္ဒရှိတိုင်း မဆောင်ရွက်နိုင်ကြသေးပေ။

( ဂ )	Nobel-Myanmar (Literary Festival) Literature for Peace ပွဲတော်သည် မြန်မာတို့ လိုလားနေကြသော ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် အမှန်တကယ် လိုအပ်နေသော တိုင်းရင်းသား စည်လုံးညီညွတ်ရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးကို ဖော်ဆောင်ပေးနိုင်ပါစေ၊ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေး ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရာတွင် အထောက်အပံ့ ပြုနိုင်ပါစေဟု ဆန္ဒပြုဆုတောင်းရင်း ပြည်သူများကိုယ်စား သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဂုဏ်ပြုလျှက်

လေးစားစွာဖြင့်

သူရဦးရွှေမန်း

ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်